ဇီးသောင်ကျေးရွာအုပ်စု၊ပေါက်ပင်ကွေ့(နှ)ကျေးရွာ
ထီးချိုင့်မြို့နယ်
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀-၂၀၂၁ မှ ၂၀၂၅)



ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပေါက်ပင်ကွေ့(နှ)ကျေးရွာ၊ ထီးချိုင့်မြို့နယ်
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ထီးချိုင့်မြို့နယ်မှ ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ ဇူလိုင် လ

မာတိကာ

စဉ်	**အကြောင်းအရာ**	
	စကားချီး	၃
	ပေါက်ပင်ကွေ့(နောက်)ကျေးရွာ သယံဇာတပြမြေပုံ၊ ထီးချိုင့်မြို့နယ်	၅
	ပေါက်ပင်ကွေ့(နောက်)ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်	၆
	ပေါက်ပင်ကွေ့(နောက်)ကျေးရွာရွာတွင်း/ရွာပြင်ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်း (Venn Diagram)	၇
	ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ချက်ဇယား	၈
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၉
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၉
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၉
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၁၀
	(က) သီးနှံ စိုက်ပျိုးရေး	၁၀
	(ခ) မွေးမြူရေးလုပ်ငန်း	၁၀
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၁၁
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၁၁
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၁၁
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၁
	(ခ) ကျေးရွာ မီးလင်းရေး	၁၂
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၂
၆။	**ပညာရေး**	၁၂
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၂
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၃
၉။	**ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**	၁၃
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၄
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၇
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၈
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၁
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၆၃
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၅
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၀၂၅ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသောလူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါဘမနှင့်၊ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ

အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြုဇယားစသည်တို့ကိုအဓိကထား ဖော်ပြထားပါသည်။


ဇူလိုင်လ၊ ၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပေါက်ပင်ကွေ့(နှ)ကျေးရွာ
ထီးချိုင့်မြို့နယ်

ပေါက်ပင်ကွေ့(နှ)ကျေးရွာသယံဇာတပြမြေပုံ၊ထီးချိုင့်မြို့နယ်



ပေါက်ပင်ကွေ့(နှ)ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်၊ထီးချိုင့်မြို့နယ်



ပေါက်ပင်ကွေ့(နှ)ကျေးရွာ ရွာတွင်း/ရွာပြင်ဆက်သွယ်ဆောင်ရွက်နေသော အဖွဲ့အစည်းပုံစံ(Venn Diagram) ၊ထီးချိုင့်မြို့နယ်



ဇီးသောင်ကျေးရွာအုပ်စု၊ ပေါက်ပင်ကွေ့(နှ)ကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ချက်ဇယား

စဉ်	အဆိုပြုစီမံချက်အမည်	ဦးစားပေးအဆင့်	၂၀-၂၁	၂၂-၂၃	၂၃-၂၄	၂၄-၂၅	၂၅-၂၆
၁	လျှပ်စစ်မီးသွယ်တန်းခြင်း	၁					
၂	မူလတန်းကျောင်းဝင်းအုတ်တံတိုင်းကာရံခြင်း	၂					
၃	ရေကာတာတည်ဆောက်ခြင်း	၃					
၄	ကျေးရွာအတွင်းဂျင်းကျောက်လမ်းခင်းခြင်း	၄					
၅	ကျေးရွာအတွင်းရေပိုက်လိုင်းများသွယ်တန်းခြင်း	၅					

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပေါက်ပင်ကွေ့(နှ)ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ကသာခရိုင်၊ ထီးချိုင့်မြို့နယ် ဧီးသောင် ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ကျေးရွာ၏ အရှေ့ဘက်တွင် မဲဇာချောင်းနှင့် ရွာသစ်ရွာ၊ မြောက်ဘက်တွင် ဧီးသောင်ကျေးရွာ၊အနောက်ဘက်တွင် မင်းဝံတောင်တန်းနှင့် တောင်ဘက်တွင် ရေပေါက်ကြီးကျေးရွာ တည်ရှိပါသည်။ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၃၄၇) ဧက၊ တောင်ယာမြေ (၂၂၉)ဧက စုစုပေါင်း (၆၁၆)ဧကရှိပါသည်။ကျေးရွာတွင် မိုးစပါး၊ မြေပဲနှင့် နှမ်းသီးနှံသီးနှံများကိုသာစိုက်ပျိုးကြပါသည်။မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်အိမ်ထောင်စု (၈၉)စု ကျား (၁၈၉)ဦး၊မ (၂၁၅)ဦး စုစုပေါင်း (၃၉၄)ဦး ရှိပါသည်။ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့ (ကျား – ၁၀ဦး)၊ ကျေးရွာဘက်စုံဖွံ့ဖြိုးရေး ရန်ပုံငွေစုဆောင်းရေးအဖွဲ့ (ကျား-၃ဦး)၊ဂေါပကအဖွဲ့(ကျား-၅ဦး)၊ ရပ်မိရပ်ဖအဖွဲ့(ကျား-၁၀)ဦး၊ပြည်သူ့စစ်နှင့် မီးသတ်အဖွဲ့ (ကျား-၄)ဦးတို့သည် ကျေးရွာ၏ ကျန်းမာရေး ၊ဘာသာရေး၊ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်နေကြပါသည်။ ကျောင်းကော်မတီနှင့် ကျောင်းသားမိဘအဖွဲ့ (ကျား – ၅၅)ဦးသည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ပညာရေးကဏ္ဍ တိုးတက်လာစေရေး အတွက် လုပ်ဆောင်လျက်ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် အားတက်သရောစုပေါင်းလုပ်ဆောင်နေကြပါသည်။ပေါက်ပင်ကွေ့(နှ) ကျေးရွာကျေးရွာဖွံ့ဖြိုးရေးအတွက် ဖော်ပြပါအဖွဲ့အစည်းများသည်တစ်ဖွဲ့နှင့်တစ်ဖွဲ့ကူညီဖေးမ လက်တွဲ ညီညာစွာ အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ပေါက်ပင်ကွေ့(နဂ)ကျေးရွာသည် (၂.၅)ဧကအောက် ဆင်းရဲသားတောင်သူ (၁၀)အိမ်ထောင်စု၊ (၂.၅)ဧကနှင့် (၅)ဧကကြားတောင်သူငယ် (၁၆)အိမ်ထောင်စု၊ (၅)ဧကနှင့် (၁၂.၅)ဧကကြား (၂၆)အိမ်ထောင်စု၊(၁၂.၅)ဧကနှင့်အထက် ပိုင်ဆိုင်သူတောင်သူကြီး (၁၈)အိမ်ထောင်စု စသည် တို့ရှိကြပြီး အဓိကအားဖြင့် စပါး၊ မြေပဲနှင့် နှမ်းသီးနှံများကို အားထားစိုက်ပျိုး ကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး စိုက်ပျိုးရေနည်းပါးသောကြောင့် နွေရာသီတွင် သီးနှံစိုက်ပျိုးခြင်းနည်းပါးပါသည်။စပါးအထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ(၇၅)တင်းထွက်ရှိပါသည်။မြေပဲအထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ (၄၀)တင်း ထွက်ရှိပြီးနှမ်းအထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ (၁၀)တင်းထွက်ရှိပါသည်။ ကျေးရွာတွင် လက်တွန်းထွန်စက်(၁၀)စီး၊ရိတ်သိမ်းခြွေလှေ့စက်(၃)လုံး၊ရေစုပ်စက်(၁၂)လုံးရှိပါသည်။အဖွဲ့ပိုင် ထွန်စက်၊ရိတ်သိမ်းခြွေလှေ့စက်မရှိပါ။ အချို့သောတောင်သူများသည် ကျေးရွာရှိစက်များကို ငှါးရမ်းလုပ်ကိုင်ကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊သီးနှံမျိုးစေ့များကို မြို့နှင့်အလှမ်းဝေးသော်လည်း လွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။ကျေးရွာတွင် တောင်သူ လုပ်ငန်းလုပ်ကိုင်ရာတွင် ရာသီဥတုမမှန်ခြင်း၊စိုက်ပျိုးရေအတွက် ဆည်မြောင်းရေ မရရှိခြင်း၊ နည်းပညာဝန်ဆောင်မှုများ အလွယ်တကူမရရှိခြင်းတို့ကြောင့် သီးနှံအထွက်နည်းခြင်း၊သီးနှံ ဈေးကွက်တွင်လည်း ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်သော်လည်း ဈေးနှုန်းမှန်ကန် စွာဖြင့်မရောင်းချနိုင်ပါ။

(ခ) မွေးမြူရေးလုပ်ငန်း

ပေါက်ပင်ကွေ့(နဂ)ကျေးရွာတွင် နွားမွေးမြူထားသည့်အိမ်ထောင်စု (၃၇)အိမ်ရှိပြီး နွားကောင်ရေ (၁၅၂)ကောင်၊ကျွဲမွေးမြူထားသည့်အိမ်ထောင်စု (၄၃)အိမ်ရှိပြီးကျွဲကောင်ရေ (၂၁၈)ကောင်၊ဝက်မွေးမြူထားသည့်အိမ်ထောင်စု(၅၉)အိမ်ရှိပြီးဝက်ကောင်ရေ (၁၂၇)ကောင် နှင့် ကြက်မွေးမြူ ထားသည့်အိမ်ထောင်စု (၈၉)အိမ်ရှိပြီး ကြက်ကောင်ရေ (၂၀၀၀)ခန့်နှင့် ဘဲမွေးမြူထားသည့် အိမ်ထောင်စု(၁)အိမ်ရှိပြီး ဘဲကောင်ရေ (၃)ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် **ရှိသည့်အတွက်** စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာရှိအိမ်ထောင်စုများသည် ယာဉ်မောင်းလုပ်ငန်း၊ဈေးအရောင်းအဝယ်လုပ်ငန်းများ စသည်ဖြင့် အခြား ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေး မဟုတ်**သော** အသက်မွေးမှုလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား နှင့် အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု အားနည်း သောကြောင့်အလုပ်အကိုင်အခွင့်အလမ်း များနည်းပါးပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်သူများသည် စိုက်ပျိုးစရိတ်ချေးငွေများရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ (၁)ဧက (၁၅၀၀၀)သိန်းနှုန်းဖြင့် အများဆုံး (၁၀)ဧကအထိ ချေးယူနိုင် ကြပါသည်။မွေးမြူရေးလုပ်ငန်းများနှင့်စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင် နေကြသော မိသားစုဝင်များသည် ချေးငွေများလွယ်ကူစွာ လိုသလောက်မရရှိသဖြင့်တစ်ပိုင် တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းများနည်းပါးကြပါသည်။ကျေးရွာ အတွင်းရှိငွေချေးသူများထံမှ (၅-၁၀)ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ထို့ကြောင့်အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများရရှိရန်လို လားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကယ်ရီမောင်းခြင်းလုပ်ငန်းကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ် ရှိပါသည်။ကျေးရွာတွင် စက်ဘီး (၁၇)စီး၊မော်တော် ဆိုင်ကယ် (၆၆)စီး၊ ကား (၃)စီးနှင့် နွားလှည်း (၃၄)စီးစသည်ဖြင့် သယ်ယူပို့ဆောင် ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် မြေသားလမ်း တစ်မျိုးသာရှိပြီး မိုးရာသီတွင် ဗွက်များ၊ ချိုင့်များ ဖြစ်ကာသွားလာရ အဆင်မပြေမှုများရှိနေပါသည်။လမ်း၏ပေအရှည်မှာ (၁၆၅၀)ပေ အရှည်

ရှိပါသည်။ကျေးရွာ၌ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသော(၂၀၀'x၆')သစ်သားတံတား(၁)စင်း ရှိပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင်မဟာဓာတ်အားလိုင်း မရရှိသေးပါ။ဆိုလာမီးသုံးစွဲနေသော အိမ်ထောင်စု (၈၉)စု ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ပေါက်ပင်ကွေ့ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း **(၁၂၃)လုံး၊ရေဒီယို (၁၆)လုံး၊ တီဗွီ** (၂၉)လုံး၊ဂြိုလ်တုစလောင်း(၂၉)လုံး စသည်တို့မှရရှိပြီး အနီးအနားကျေးရွာမှ ဆက်သွယ်ရေးတာဝါတိုင်များရှိသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ ရရှိပါသည်။

၆။ ပညာရေး

ပေါက်ပင်ကွေ့ကျေးရွာရှိ ကျောင်းသား/သူများသည် မူလွန်အဆင့်ဖြင့် ပညာသင်ကြား လျှက်ရှိပါသည်။အလယ်တန်းနှင့်အထက်တန်းပညာရေးအား (၂)မိုင်ခန့်ကွာဝေးသော ဆင်ဖြူဆိပ်ကျေးရွာရှိ ကျောင်းသို့သွားရောက်ပညာသင်ကြားကြရပါသည်။ ကျောင်းတွင် ကျောင်းသုံးပရိဘောဂများ လုံလောက်မှုမရှိပါ။

ကျေးရွာတွင် စာမတတ်သည့်လူဦးရေမရှိပါ။ မူလတန်းအဆင့် စာတတ်မြောက်သူ များမှာလူဦးရေ၏(၇၇)ရာခိုင်နှုန်းအထိ များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ် မြောက်သူများမှာ (၁၀)ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူ များမှာ (၉)ရာခိုင်နှုန်းနှင့် တကသိုလ်အဆင့်စာတတ်မြောက်သူများမှာ (၄) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူစွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင်ကျန်းမာရေးဦးစီးဌာနမှ လိုအပ်သည့်ကာကွယ်ဆေးများအား ကျေးရွာ အထိနှစ်စဉ်နှစ်တိုင်း လာရောက်ထိုးပေးလျှက်ရှိပါသည်။ကျေးရွာတွင် ကျေးလက်ကျန်းမာ ရေးဌာနမှဆရာမတာဝန်ချပေးခြင်းမရှိပါ။ တိုက်နယ်ဆေးရုံသည် အလယ်တောကျေးရွာတွင်တည်ရှိ ပြီး ပေါက်ပင်ကွေ့ကျေးရွာနှင့် (၉)မိုင်ခန့်ကွာဝေးပါသည်။ထီးချိုင့်မြို့နယ် ဆေးရုံကြီးနှင့်(၁၅) မိုင်ခန့် ကွာဝေးသော်လည်း အရေးပေါ် အခြေအနေတွင် ဆေးရုံကြီးသို့ပို့ဆောင်မပေးနိုင်သဖြင့် ကျန်းမာရေးနှင့်ပတ်သက်သည့်အခက်အခဲများရှိနေပါသည်။ကျေးရွာတွင် သောက်သုံးရေ များကို အိမ်တွင်းရေတွင်းမှ ကိုယ်ထူကိုယ်ထ အဓိကထားအသုံးပြုကြပါသည်။

ကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု(၃)စုရှိပြီး တွင်းဧလားအိမ်သာ အသုံးပြုသည့် အိမ်ထောင်စု(၈၁)စုရှိပါသည်။ကျန်မိသားစုများသည် ဆွေမျိုးများ နှင့်အတူအသုံးပြုကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ပေါက်ပင်ကွေ့ကျေးရွာတွင် လက်လုပ်လက်စားကျပန်းလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့်စားနပ်ရိက္ခာ မဖူလုံသည့်အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

ပေါက်ပင်ကွေ့ကျေးရွာတွင် တွင်းထွက်သယံဇာတများမရှိပါ။ သဘာဝဆေးဖက်ဝင် အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များပေါများပါသည်။မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။သွေးတိုးရောဂါနှင့်ဆီးချိုရောဂါဖြစ်ပွားသည့်လူနာအနည်းငယ်ရှိပါသည်။ရာသီကူးပြောင်းမှုများတွင်ဖြစ်ပေါ်သော ကြက်၊ **ဝက်ဆိုင်ရာ** ရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ပေါက်ပင်ကွေ့ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများမှလည်း တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီးကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်သည့်လုပ်ငန်းများတွင်လည်း အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာတွင်အမျိုးသမီး အကြမ်းဖက်မှုများမရှိသော်လည်း အကြမ်းဖက်မှုအတွက်ကာကွယ်ရမည့်တရားနည်းဥပဒေ ဆိုင်ရာ အသိပညာ များ အားနည်းကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ဇီးသောင်			ကျေးရွာအမည် – ပေါက်ပင်ကွေ့(နှ)	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	သက်ဆိုင်ရာ အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများစီစဉ်ဆောင်ရွက်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	သဘာဝဓါတ်မြေဩဇာ ထုတ်လုပ်ခြင်းသင်တန်းများဖွင့်လှစ်ပေးခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနည်းပညာသင်တန်း/ ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၅	စိုက်ပျိုးရေး	နည်းပညာ	စိုက်ပျိုးရေးလုပ်ငန်းကိုစီးပွားရေးအမြင်ဖြင့်လုပ်ဆောင်နိုင်ရန်စီးပွားရေးအမြင်ဖွင့်သင်တန်းများပြုလုပ်ခြင်း။	
၆	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ဈေးကွက်သို့ တက်လှမ်းခြင်း။	
၇	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဂန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၈	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	ဈေးကွက်	မွေးမြူရေးထုတ်ကုန် ဈေးကွက် ရှာဖွေချိတ်ဆက်ခြင်း။	
၉	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား၊အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများစီစဉ်ခြင်း။	
၁၀	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ဒေသနှင့်သင့်လျော်သောအသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများစီစဉ်ခြင်း(ကွန်ပျူတာ၊ ဘာသာစကား၊စက်ချုပ်၊မုန့်မျိုးစုံ၊စက်ပြင်၊ဆိုင်ကယ်ပြင်)	
၁၁	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	

ကျေးရွာအုပ်စုအမည် – ဇီးသောင်			ကျေးရွာအမည် – ပေါက်ပင်ကွေ့(နှ)	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁၂	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုးခြင်း	ရာသီအလိုက် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပုံမှန်ပြုလုပ်နိုင်ခြင်း	
၁၃	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုးခြင်း	သားဖွား၊အရံသားဖွားသင်တန်းများတက်ရောက်နိုင်ရန်သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ခြင်း။	
၁၄	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုးခြင်း	ကျောင်းတွင်း၊ကျောင်းပြင်ပ ကျန်းမာရေး အထောက်အကူပြုသင်တန်းများ၊ပစ္စည်းများ ရရှိအောင်ဆောင်ရွက်ခြင်း။	
၁၅	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းတွင်းပရိဘောဂများ လုံလောက်စွာဖြည့်တင်းခြင်း။	
၁၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းတွင်းပညာပေး သရုပ်ပြစာစောင်များ၊ဗဟုသုတစာပေများထားရှိခြင်း။	
၁၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကလေးများအတွက်မူကြိုကျောင်းဆောင်ဆောက်လုပ်ခြင်း။	
၁၈	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာတွင်းလမ်းများကို မြေသားလမ်းအဆင့်မှကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း။	
၁၉	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	(၇၀၀'x၃'x၂")အုတ်စီရေနုတ်မြောင်းတည်ဆောက်ခြင်း။	
၂၀	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	စက်ရေတွင်း(၁)တွင်းတည်ဆောက်ခြင်း၊ရေသန့်စက်ရုံတည်ဆောက်ခြင်း။	
၂၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရေရရှိမှုဆက်သွယ်ရေးပိုက်လိုင်းများတပ်ဆင်ခြင်း။	
၂၂	လျှပ်စစ်	မဟာဓာတ်အားလိုင်း	ကျေးရွာ(၂၄)နာရီ မီးလင်းရေး ဆောင်ရွက်ခြင်း	ဆောင်ရွက်ပြီး

ကျေးရွာအုပ်စုအမည် – ဇီးသောင်			ကျေးရွာအမည် – ပေါက်ပင်ကွေ့(နှ)	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၂၃	လူငယ်နှင့်အားကစား	အားကစား	အား/ကာဠီးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်း များ ဖြည့်တင်းခြင်း။	
၂၄	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာအသိပညာပေးဟောပြောပွဲများပြုလုပ်နိုင်ခြင်း။	
၂၅	လူငယ်နှင့်အားကစား	အားကစား	အားကစားဆိုင်ရာအသိပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း	
၂၆	သယံဇာတနှင့် သဘာဝပတ် ဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများ အား ချိတ်ဆက်ခြင်း။	
၂၇	ဆက်သွယ်ရေး		ဆက်သွယ်ရေးဧရိယာတိုင် တပ်ဆင်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။	

ပေါက်ပင်ကွေ့(နောက်)ကျေးရွာ၊ ဇီးသောင်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကိုနိုင်	ဦးလှရွှေ	၅/ထခန(နိုင်) ၀၅၆၃၅၁	၄၂	ဥက္ကဋ္ဌ	၀၉-၄၀၇၀၄၄၃၄၅
၂	ဒေါ်ယဉ်	ဦးထွန်းရွှေ	၅/ထခန(နိုင်) ၀၉၀၁၀၄	၄၅	အတွင်းရေးမှူး	၀၉-၂၅၆၀၄၉၆၀၂
၃	ဒေါ်ပန်းအိဖြူ	ဦးမောင်ဝင်း	၅/ထခန(နိုင်) ၁၂၅၀၀၄	၁၉	စာရင်းကိုင်	၀၉-၂၆၁၂၀၈၁၂၇
၄	ဦးစောမိုးအောင်	ဦးသောင်းညွန့်	၅/ထခန(နိုင်) ၁၁၁၁၅၇	၂၈	ဘဏ္ဍာရေးမှူး	၀၉-၄၂၁၁၈၆၇၄၆
၅	ဦးအောင်နိုင်ဦး	ဦးမောင်သန်း	၅/ထခန(နိုင်) ၁၀၀၆၇၄	၃၈	အဖွဲ့ဝင်	၀၉-၂၅၄၃၇၈၁၉
၆	ဒေါ်သန္တာထွန်း	ဦးချစ်ငွေ	-	၁၈	အဖွဲ့ဝင်	၀၉-၈၈၇၉၂၄၂၆၀
၇	ဦးခက်မောင်မောင်	ဦးအောင်စိန်	၅/ထခန(နိုင်) ၀၉၅၉၆၆၆	၂၈	အဖွဲ့ဝင်	၀၉-၄၀၀၉၉၀၂၁၆

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၅	၂	၇	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၇	၁၈	၃၅	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၈	၂၀	၃၈	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၁	၁၂	၂၃	၁	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၇	၁၃၇	၂၆၄	-	-
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၂	၁၅	၂၇	-	-
စုစုပေါင်း		၁၉၀	၂၀၄	၃၉၄	၁	-
စုစုပေါင်း အိမ်ထောင်စု		၈၉				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက်(၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ် ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက် ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ် များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ပေါက်ပင်ကွေ့ကျေးရွာသည် အိမ်ထောင်စု(၈၉)စု၊ လူဦးရေ(၃၉၄)ဦး ရှိပါသည်။ ကျေးရွာတွင်အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ်(၇)ဦး၊ (၅)နှစ်အောက်ကလေးငယ်(၃၅)ဦး၊မူလတန်း ကျောင်းသားအရွယ်(၃၈)ဦး၊ အလယ်တန်းကျောင်းသားအရွယ်(၂၃)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ်(၂၆၄)ဦး၊ သက်ကြီး ရွယ်ကြီး (၂၇)ဦး ရှိပါသည်။ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၃%) ရှိပါသည်။အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၁၂၇)ဦး၊ မ (၁၃၇)ဦး စုစုပေါင်း(၂၆၄)ဦး ရှိပြီး တစ်ရွာလုံးရှိလူ ဦးရေ၏ (၆၇%)ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးခန့်ရှိပြီး ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄)ဦးခန့်ရှိပါသည်။ကျေးရွာအတွင်း အလုပ်လုပ်နိုင်သည့်လူဦးရေ များပြားမှုကြောင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင် လုပ်ငန်း	၃၈	၁၀၄	၈	၇	၁၇	၁၂	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၈	၄၈	၄	၅	၇		မြင့် ☐ လတ်☐ နိမ့်✓
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင် လုပ်ငန်း	၁၁	၄၂	၃	၅	၇	၈	မြင့် ☐ လတ်☐ နိမ့်✓
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၅	၁၆	၂	၃	၅	၅	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၇၂	၂၁၀	၁၇	၂၀	၃၆	၂၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ပေါက်ပင်ကွေ့ကျေးရွာသည် အလုပ်လုပ်ကိုင်နိုင်သူ အများအပြားရှိသည့်အနက် စိုက်ပျိုးရေး ကိုယ်ပိုင်လုပ်ကိုင်သူများနှင့် စိုက်ပျိုးမြေယာများကို အငှားလုပ်သူများလည်းရှိပါသည်။စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သောမိသားစုများမရှိသော်လည်း တိုင်တနိုင်အိမ်စားရုံမှ မွေးမြူရေးလုပ်ငန်းကိုလည်းလုပ်ကိုင်ကြသည်။ ဝန်ထမ်းလုပ်ကိုင်သူ မိသားစုများလည်းရှိပြီး ပို့ဆောင်ရေးကဏ္ဍတွင် ကားမောင်းခြင်းဖြင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများကို လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ကျေးရွာတွင် တစ်ပိုင်တစ်နိုင် စျေးရောင်းသူ အနည်းငယ်သာရှိ ပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓနိုးထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓနိုးထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၂၅၀၀	၂၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၆၀၀၀	၅၀၀၀	၃၀၀၀	၂၅၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။လုပ်ငန်းများတွင် ဝင်ငွေခြွေးနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီးကျား/မ ဝင်ငွေခြွေးနားရခြင်းမှာလည်း လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ပြည်ပတွင် သွားရောက် လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိသောကြောင့် လုပ်အားခပမာဏကို မသိရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၃၄၇	ကောင်း ☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၂၉	ကောင်း ☐	သင့်✓	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၄၀	ကောင်း ☐	သင့်☐	ညံ့ ✓
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)
မြေလွတ်မြေလပ်		ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	၆၁၆	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ပေါက်ပင်ကွေ့ကျေးရွာတွင် လယ်မြေ(၃၄၇)ဧက၊ ယာ/တောင်ယာမြေ(၂၂၉)ဧကနှင့် ကိုင်း/ကျွန်းမြေ (၄၀)ဧကရှိပါသည်။လယ်မြေ/တောင်ယာမြေများ၏ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်သည့် လယ်ယာမြေများဖြစ်သော်လည်း ရေသွင်းဆည်မြောင်းတို့ မရှိခြင်းနှင့်ရာသီဥတုမမှန်ခြင်းတို့ကြောင့် သီးနှံထွက်နှုန်းတိုးရန် ခက်ခဲပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်✓ နည်း ☐မရှိ ☐	လွယ် ✓ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့☐တိုး ☐အပြောင်းအလဲမရှိ✓
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း ✓ မရှိ ☐	လွယ် ☐ ခက်✓အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ✓
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း✓ မရှိ	☒	လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်✓ နည်း ☐ မရှိ ☐	လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း✓ မရှိ ☐	လွယ်☐ ခက်✓ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ✓ အပြောင်းအလဲမရှိ ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သစ်တော – အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ပေါက်ပင်ကွေ့ကျေးရွာပိုင်နက်အတွင်းတွင်းထွက်သယံဇာတများမရှိပါ။ကျေးရွာဘေးရှိ ချောင်းအတွင်းမှ ကျောက်၊သဲများကို အလွယ်တကူ ရယူသုံးစွဲနိုင်ပါသည်။သဘာဝအပင်မျိုးစိတ်များဖြစ်သော နွားစာနှင့် ဆေးဘက်ဝင်အပင်များမှာ နွားစသောတိရစ္ဆာန်များအတွက် လွတ်ကျောင်းရန် အစားအစာများလည်း ပေါများပါသည်။ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၈	၂၆	၁၆	၂၉

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ပေါက်ပင်ကွေ့ကျေးရွာတွင် စီးပွားရေးအဆင်ပြေသော အိမ်ထောင်စုအသင့်အတင့်ရှိပါသည်။မပြေလည်သောအိမ်ထောင်စုများသည် လယ်အဋ္ဌားလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် လက်သမားလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။အလွန်မပြေလည်သော အိမ်ထောင်စုများသည် ကောက်စိုက်၊ဗျိုးနှုတ်စသည့် ရာသီအလိုက်ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်းလုပ်ကိုင်ကြပြီး အချို့မှာပြည်တွင်းရှိ အခြားမြို့များသို့ သွားရောက်လုပ်ကိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	၉	၂	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ____၃____ လုပ်အားခကြိုယူ = ____၆____
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု	၅	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ____၂____ လုပ်အားခကြိုယူ = ____၃____
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ပေါက်ပင်ကွေ့ကျေးရွာရှိဥစ္စာဓနအဆင့် "၃" "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူရာတွင်ကောက်ယူခဲ့သည့်အိမ်ထောင်စုစုစုပေါင်း၏ (၆၄)ရာခိုင်နှုန်းမှာ (၃)လ အောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး ၊ (၃၆)ရာခိုင်နှုန်းမှာ (၃-၅)လ အထိသာဝမ်းစာဖူလုံမှုရှိပြီး ကျန်ကာလများတွင် ချေးငှားခြင်းနှင့် လုပ်အားခ ကြိုတင်ယူခြင်းဖြင့် ဖြေရှင်းကြရပါသည်။ဆန်စျေးကြီးမှုကြောင့် အခြားအစားအစာများကို ပြောင်းလဲစားသုံးခြင်း၊ထမင်းတစ်နပ် လျော့စားခြင်း၊များမှာ တစ်ခါမှမဖြစ်ဖူးကြောင်းကို စားနပ်ရိက္ခာဖူလုံမှု ဆန်းစစ်ချက်ရလဒ်အရ သိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၂	၂	၄
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၅		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	၂		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ပေါက်ပင်ကွေ့ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၄)ဦး ရှိပြီးရပ်ရွာမှ ဝိုင်းဝန်းစောက်ရှောက်ကြပါသည်။အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်သည့် ဆင်းရဲသည့် အိမ်ထောင်စု(၂) စု ရှိပါသည်။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓	-	-	✓	-	-
၂	လျှပ်တပြတ်ရေကြီးခြင်း	✓	-	-	✓	-	-
၃	မုန်တိုင်းဒီရေ	-	-	-	-	-	-
၄	ဆူနာမီ	-	-	-	-	-	-
၅	တိုင်ဖုန်းမုန်တိုင်း	-	-	-	-	-	-
၆	လေဆင်နာမောင်း	-	-	-	-	-	-
၇	ငလျင်	✓	-	-	✓	-	-
၈	အပူလှိုင်း	✓	-	-	✓	-	-

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	–	–	–	–	–	–
၁၀	အအေးလှိုင်း	✓	–	–	✓	–	–
၁၁	မိုးသီးကြွေကျမှု	–	–	–	–	–	–
၁၂	မိုးခေါင်ခြင်း	–	✓	–	✓	–	–
၁၃	တောမီးလောင်ခြင်း	–	–	–	–	–	–
၁၄	မြစ်ကမ်းပါးပြိုခြင်း	–	-	–	–	–	–
၁၅	ကမ်းရိုးတန်းတိုက်စားမှု	–	–	–	–	–	–
၁၆	မြေပြိုခြင်း	–	–	–	–	–	–
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	–	–	–	–	–	–
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	–	–	–	–	–	–
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	–	–	–	–	–	–
၂၀	သစ်တောပြုန်းတီးခြင်း	–	–	–	–	–	–
၂၁	၄က်ဖျားရောဂါ	✓	–	–	–	–	–
၂၂	တီဘီရောဂါ	–	–	–	–	–	–
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	–	–	–	–	–	–
၂၄	ကပ်ရောဂါ	–	–	–	–	–	–
၂၅	ပြည်တွင်းပဋိပက္ခ	–	–	–	–	–	–
၂၆	တီရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	–	✓	–	✓	–	–
၂၇	လူကုန်ကူးခြင်း	–	–	–	–	–	–
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	–	–	✓	–	–	–

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိ

ငပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။

အိမ်ထောင်စုဝဝတွင် ၂၅အိမ်ထောင်စုအောက် – နိမ့်

အိမ်ထောင်စုဝဝတွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်

အိမ်ထောင်စုဝဝတွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ပေါက်ပင်ကွေ့ကျေးရွာသည် ချောင်းဘေးတွင်ရှိသောကြောင့် ရေကြီးချိန်တွင် မြေပြိုမှုများဖြစ်တတ်ပါသည်။ရာသီဥတုမမှန်ခြင်းကြောင့် မိုးခေါင်မှုအနည်းငယ်ရှိပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ဆိုး ရွား သောအခြေအနေမျိုးမရှိပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ ၄က်ဖျားရောဂါ၊ မိုးရာသီတုပ်ကွေးဖျားနာခြင်းသာရှိပါသည်။ ကျေးရွာသူကျေးရွာသားများသည် စည်းစည်းလုံးလုံးနှင့်အတူတကွနေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများမရှိပါ။ ရာသီကူပြောင်းမှုများတွင် တိရိစ္ဆာန်များရောဂါဖြစ်ပွားမှု အနည်းငယ်တွေ့ရပါသည်။ကျေးရွာတွင် လူကုန်ကူးမှုမရှိပါ။လမ်းပန်းဆက်သွယ်ရေး အခြေအနေမှာ သွားလာရလွယ်ကူပါသည်။

(၄–၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓	–	–	–	–	✓
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	–	✓	–		✓	–
